"ပေါင်းပင် မြက်ပင်တွေကို နှုတ်ပါ၊ ခုတ်ပါ၊ ရိတ်ဖြတ်ပါ၊
ပန်းပင်စိုက်ပါ၊ မြေတူးပါ၊ ရေလောင်းပါ"လို့
လူတွေ သုံးနှုန်းသလို မပြောရဘူး။
ပေါင်းပင် မြက်ပင်တွေကို နှုတ်ပါလို့မပြောဘဲ
ပေါင်းပင် မြက်ပင်တွေကို ကပ္ပိပါ၊
ခုတ်ပါလို့ မပြောဘဲ ကပ္ပိပါ၊
ရိတ်ဖြတ်ပါလို့ မပြောဘဲ ကပ္ပိပါ၊
ပန်းပင် စိုက်ပါလို့ မပြောဘဲ ကပ္ပိပါ၊
မြေတူးပါ၊ ရေလောင်းပါလို့ မပြောဘဲ ကပ္ပိပါလို့
သုံးနှုန်းခြင်းက သာသနာတော်နဲ့ လျော်ညီတဲ့
အသုံးအနှုန်း ဖြစ်ပါတယ်။

ကပ္ပိယဆိုတာကျောင်းမှာအိပ်လိုက်၊
စားလိုက်နေတဲ့လူလိုပဲ အထင်မှားတတ်ကြပါတယ်။
သာသနာတော်မှာ ကပ္ပိယရဲ့ အခန်းကဏ္ဍက
အလွန်ကိုကျယ်ဝန်းပြီး ကပ္ပိယမရှိရင်
ဝိနည်းတော်နဲ့အညီ ကျင့်သုံးတော်မူတဲ့
ရဟန်းတော်များအတွက်
အခက်အခဲများစွာကြုံနိုင်ပါတယ်။

ဥပါသကာတို့ဖတ်ဖို့ ဝိနည်းသင်ပုန်းကြီးဖတ်စာ ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

ရန်ကင်းတောင်စာစဉ် (၃၈)

# ဥပါသကာတို့ဖတ်ဖို့ ဝိနည်းသင်ပုန်းကြီးဖတ်စာ

နှလုံးသားဖြူစင်ကြသည့် ဘုန်းကြီးကပ္ပိယများအတွက်
ဖတ်စရာ၊ မှတ်စရာအဖြာဖြာ

(အပိုင်း-၁)

**အရှင်ခေမာနန္ဒ**
(ရန်ကင်းတောရ-သပြေပင်)



## ၄။ ကပ္ပိယကြီးတွေ စားချင်လို့မှာတာကိုး

ကပ္ပိယဘကြီး ။ ။ ဆရာတော် အနား ကပ္ပိယအဖြစ် နေရတာ ကုသိုလ်လည်းရတယ်၊ ဗဟုသုတလည်းရတယ်၊ တစ်ခါတစ်လေတော့ ဆရာတော့် ဒကာ ဒကာမတွေရဲ့အမြင် စောင်းတာမျိုးလည်း ကြုံရတတ်တယ်။

Dr. အောင်သူ ။ ။ ဘကြီး ဘယ်လိုကြုံခဲ့တာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ ဘကြီးကြုံတာလည်း ရှိပါတယ်။ အခုတော့ ရန်ကုန်က ကပ္ပိယတင်ထွန်း အဘတို့ မျက်စိရှေ့ ကြုံတာကို ပြောပြမယ်လေ။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့ဘကြီး။

ကပ္ပိယဘကြီး ။ ။ တင်ထွန်းက စိတ်ထားကောင်းတယ်၊ ဆရာ

တော့်အပေါ် ချစ်ခင်ကြည်ညိုတာလည်း ဘဝ ဘဝက ရေစက်ထင်တာပဲ။ သိပ်ဂရုစိုက်တာ၊ ရန်ကင်းသာသနာက သူ့ဘဝလို့ ခံယူထားတဲ့သူပါ။ အရပ်ကရှည်ရှည်၊ ကတုံးနှင့် ပင်နီတိုက်ပုံအင်္ကျီကိုလည်း မချွတ်ဘူး၊ ဘေးလွယ်အိတ် တစ်လုံးကလည်း အမြဲပါတယ်။ သူ့ကြည့်လိုက်ရင် ကပ္ပိယ ပုံစံကို ပေါက်နေတာ။ သူက ရွှေကျောင်းကုန်း ဆရာတော်၊ ရွှေဥမင်ဆရာတော်တို့လို ထင်ရှားတဲ့ ဆရာတော်ကြီးတွေရဲ့ ကပ္ပိယလေ။ အဘတို့က သူ့စီက ကပ္ပိယလုပ်နည်းလုပ်ဟန်တွေ သင်ယူရတယ်။

Dr. အောင်သူ ။ ။ ဦးတင်ထွန်း အခုဘယ်မှာ နေသလဲဘကြီး။

ကပ္ပိယဘကြီး ။ ။ သူက အသက် (၆၅)နှစ်မှာ အသဲရောဂါဖြစ်ပြီး ဆရာတော့်လက်ပေါ်မှာပဲ ဆုံးသွားရှာတယ်။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါနဲ့ ဝါရင့်ကပ္ပိယကြီး ဦးတင်ထွန်းအကြောင်း မှတ်သားသင့်လို့ ပြောပြပါဦးဘကြီး။

ကပ္ပိယဘကြီး ။ ။ ဒီလို၊ ဒီလို ဆရာတော်ကဆွမ်းဘုဉ်းရင် ဘယ်တော့မှ ဟင်းခွက်စုံအောင် မနိုက်ဘူး။ နီးရာဟင်းလောက်နှင့်ပဲ ဘုဉ်းပေးတော်မူတယ်။ ဆရာတော်က

*“ဘုန်းကြီး ဘာကိုကြိုက်တယ်ဆိုတာ သူများသိမှာ ရှက်တယ်”* လို့လည်း တစ်ခါက မိန့်ဖူးတယ်လေ။

Dr. အောင်သူ ။ ။ ဟုတ်ကဲ့ခင်ဗျား။

ကပ္ပိယဘကြီး ။ ။ ဒါနဲ့ တစ်နေ့ကျတော့ မြို့က ဒကာ ဒကာမတွေ ဆရာတော်ကို ဆွမ်းကပ်ဖို့လာကြတယ်။ ကောင်းပေ့ ဆိုတဲ့ ဆိုင်ကဟင်းတွေ ဝယ်လာကြတယ်။ ဆရာတော်ကို ကပ်ကြတယ်၊ ဆရာတော်ကတော့ စတိပဲ ဘုဉ်းပေးတယ်။ သူတို့က အဓိဋ္ဌာန်နှင့်တဲ့ သုံးရက် ဆွမ်းကပ်မယ်တဲ့ဗျာ။ သူတို့ယူလာတဲ့ ဆွမ်းဟင်းက မလျော့ဘူး။ ဒါနဲ့ ဆရာတော် ဆွမ်းဘုဉ်းပေးပုံ ကြည့်ပြီး မနက်ဖန်ဘာကပ်ရမယ်မှန်း မသိတော့ ဘူး။ ကျနော်ကပ်တဲ့ ခရမ်းသီးမီးဖုတ်က ဆရာတော့် သပိတ်နား တိုးချထားမိတာ ကုန်ရောဗျာ။

Dr. အောင်သူ ။ ။ ဆရာတော် မဘုဉ်းပေး တော့ အဘတို့စားရတာ အဆင်ပြေရဲ့လား။

ကပ္ပိယဘကြီး ။ ။ ဆရာတော် မဘုဉ်းပေး ဘဲကျန်တဲ့ဟာတွေက တော့ ကျနော်တို့ ကပ္ပိယဖို့ပေါ့ဗျာ။ ဒါက ဘုရား ဥပဒေကကို ရှိတာလေ။ သုံးရက်လောက် စိတ်ချ ရပြီပေါ့ဗျာ။ ဒါပေမဲ့ ဆွမ်းဒကာတွေ အခက်အခဲက မနက်ဖန် ဘာကပ်ရမယ်မှန်း မသိတော့ဘူး။ ဒါနဲ့ ကျနော့်ကိုမေးတော့ မသိဘူးလို့ပဲ ပြောလိုက်တယ်

လေ။ ဒါနဲ့ တင်ထွန်းကို မေးကြတယ်။ သူက လက်ကလေးတို့ပြီး ကျောင်းရှေ့သစ်ပင်အောက် ခေါ်သွားပြီး ပြောကြတယ်။

Dr. အောင်သူ ။ ။ ဘာပြောလိုက်တာတဲ့ တဲ့လဲဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျနော့်ကိုလည်း ပြန် မပြောဘူး။ ဒါပေမဲ့

နောက်နေ့ကျတော့ ဆိုင်ကနေ ဘဲအကောင်လိုက် ပေါင်းထားတာကြီး ယူလာကြတယ်။ ကျနော်က ဆရာတော် မဘုဉ်းလောက်ဘူးထင်ပြီး စိတ်ထဲ နည်းနည်း ထင့်သွားတယ်။ တင်ထွန်းကတော့ ပြုံးပြုံး၊ ပြုံးပြုံးနှင့် ဆွမ်းပွဲတွေပြင်ရင်း ဧည့်သည် တွေနှင့် စကားပြောနေတယ်။ ကျနော်က ချဉ်ပေါင် ရွက်ကြော်နေတယ်။

Dr. အောင်သူ ။ ။ ဆရာတော်က ဘဲပေါင်း ဘုဉ်းပေးသလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ကျနော်က ဆွမ်းကပ်ပြီး ထရံပေါက်ကလေးက

နေ အသာချောင်းကြည့်နေတာ။ ဘဲပေါင်းကြီး မတို့ဘူး၊ ကျနော်ချက်တဲ့ ချဉ်ပေါင်ကြော်ပန်း ကန်က ဘယ်နှယ်လုပ် ဆရာတော်ရှေ့ ရောက် သွားတယ်မသိဘူး တစ်ဝက်ကျော်ကျော်ကို ကုန် သွားတယ်။ ဆွမ်းပွဲသိမ်းတော့ တင်ထွန်းရှေ့ ဘဲပေါင်းပန်းကန် ရောက်သွားတယ်။ ဧည့်သည်နှင့် စကားလည်းပြော စားလည်းစားပေါ့ဗျာ။

Dr. အောင်သူ ။ ။ ဆွမ်းဒကာကြီးတွေရဲ့ အဓိဋ္ဌာန်က တစ်ရက်ကျန်သေးတယ်နော် ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ သူတို့မေးပြန်တယ်။ *"မနက်ဖန်ဘာဟင်း သင့်မြတ်မလဲ"* ဆိုတော့ ကျနော်မပြောတတ်ဘူး။ မြင်တဲ့အတိုင်းပဲဆိုတော့ သူတို့က တင်ထွန်းဘက် လှည့်မေးတယ်။ သူက ငါးသလဲထိုးကြော်နှင့် ငါးရံ့ခေါင်း ဟင်းရည်ကတော့ သင့်မြတ်ပါတယ်လို့ ပြောပြန်တယ်။

Dr. အောင်သူ ။ ။ နောက်နေ့ သင့်မြတ်သလားဘကြီး။

ကပ္ပိယဘကြီး ။ ။ နောက်နေ့ ကပ္ပိယတွေ အပြောခံရတဲ့နေ့ပဲ။

Dr. အောင်သူ ။ ။ ဘာအပြောခံရတာလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဆရာတော်နဲ့ ဒကာ ဒကာမတွေကြား သတိထားရတယ်။ ဆရာတော့် ဒကာ ဒကာမတွေ ကပ္ပိယတွေကို ငြိုငြင်ရင် မကောင်းဘူးလေဗျာ၊ တင်ထွန်းက အဲဒါမျိုးကိုမရိပ်မိတာလား ဘာလား မသိဘူး။ နောက်နေ့မနက်မှ သိရတာက ဘဲပေါင်းကလည်း သူမှာတာကိုး။

Dr. အောင်သူ ။ ။ ကပ္ပိယတွေ ဘယ်လို အပြောခံရတာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ *"လက်စသတ်တော့ ဘဲပေါင်းတို့၊ ငါးရံ့ခေါင်းတို့ မှာနေတာက ဆရာတော်ဘုဉ်းဖို့မှ မဟုတ်တာ ဒီကပ္ပိယကြီးတွေ စားချင်လို့ မှာတာကိုး"* ဆိုပြီး ငါးသလဲထိုး ဝါးနေတဲ့ တင်ထွန်းကိုကြည့်ပြီး ပြောပါလေရော။ ကျနော့်ဖြင့် ရှက်လိုက်တာဗျာ၊ ဟင်းခွက်ကို မနှိုက်ရဲတော့လို့ ဆယ့်နှစ်နာရီကလည်း ထိုးတော့မယ်။ ဒါနဲ့ မီးဖိုထဲဝင်ပြီး ချဉ်ပေါင်အိုး လူးပြီး ထမင်းစားလိုက်ရတယ်။